# ရောင်းတယ် ဝယ်တယ်

အလုပ်များတဲ့လူတစ်ယောက်ပေါ့။ ကနေ့လည်း နောက်ကျပြန်ပြီ။ စိတ်မော၊ လူမောလည်းဖြစ်နေပြီ။ အဲသလိုနဲ့ အိမ်ပြန်ရောက်တဲ့အခါ သူ့ရဲ့ ငါးနှစ်သားလေးက တံခါးဝမှာ စောင့်နေတယ်။

‘ဖေဖေ… ဖေဖေ့ကို သားတစ်ခု မေးလို့ရမလား ဟင်…’

‘မေးကွာ၊ မေး…မေး…’

‘ဖေဖေ အလုပ်လုပ်တဲ့အခါ တစ်နာရီကို ပိုက်ဆံ ဘယ်လောက်ရလဲဟင်…’

ဖအေလုပ်တဲ့သူက သားရဲ့မေးခွန်းကြောင့် စိတ်တိုသွားတယ်။

‘မာကောင်ရဲ၊ အဲဒါ မင့်အလုပ် မဟုတ်ဘူး။ ဘာကိစ္စ ငါ့ကို ဒါတွေလာမေးနေရတာလဲ။ အလုပ်ပင်ပန်းလို့ စိတ်တိုနေရတဲ့အထဲ။ မင်းနော်….’

‘သားသိချင်လို့ပါ ဖေဖေရယ်။ သားကို ရှုချင်လည်းရှု၊ ရိုက်ချင်လည်း ရိုက်ပါ။ ဒါပေမယ့် ဖေဖေ တစ်နာရီ အလုပ်လုပ်ရင် ပိုက်ဆံ ဘယ်လောက်ရသလဲဆိုတာတော့ သားကို ပြောပြပေးပါနော်…’



ငါးနှစ်သားလေးက မျက်နှာငယ်လေးနဲ့ ခေါင်းငုံ့ ပြောင်းပန်နေပြန်တယ်။

‘အေး… မင်းသိပ်သိချင်တယ်ဆိုရင်တော့ ပြောပြရတာပေါ့ကွာ။ ငါ တစ်နာရီ အလုပ်လုပ်ရင် ဒေါ်လာ ၂၀ ရတယ်ကွ။ ကဲ… ကျေနပ်ပြီလား…’

‘အဲလောက်တောင်မှလား’ လို့ သားလေးက ပြောပြီး ခေါင်းငိုက်စိုက် ကျသွားတယ်။

ဒါပေမယ့် ချက်ချင်းပဲပြန်မော့ပြီး သူ့ဖအေကို မေးလိုက်ပြန်တယ်။

‘ဖေဖေ၊ သားကို ကိုးဒေါ်လာလောက် ချေးပါလားဟင်…’

ဖအေလုပ်တဲ့သူရဲ့ ဒေါသက ငယ်ထိပ်ကို ရောက်သွားတယ်။

‘ဘာကွ… ငါ ပိုက်ဆံဘယ်လောက်ရလဲဆိုတာ မင်းသိချင်တာ ငါ့ဆီက ပိုက်ဆံချေးပြီး ပေါက်တတ်ကရ ကစားစရာတွေ အဓိပ္ပာယ်မရှိတဲ့ ပစ္စည်းတွေဝယ်ဖို့ကိုးကွ၊ ငါက အကောင်းမှတ်လို့။ သွားစမ်းကွာ။ အိပ်ရာထဲ သွားအိပ်ချေတော့။ ငါ့မျက်စိအောက်က ထွက်သွားစမ်း။ မဟုတ်ရင် မင်းကို ငါဆော်မိတော့မယ်။ ငါ့မှာတော့ တစ်နေ့တစ်နေ့ ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေ ရုန်းကန်နေရတယ်။ မင်းက အလိုက်ကန်းဆိုးမသိ။ ငါ့ကို သက်သက် မယ့် လာဦးနှောက်စားနေတယ်။ သွားစမ်း၊ သွားစမ်း…’

ဖအေလုပ်တဲ့သူက အဲသလိုလည်း ဟောက်လိုက်ရော သားလေးလည်း သူ့အိပ်ခန်းလေးထဲ အသာဝင်သွားပြီး တံခါးလေး ပိတ်လိုက်ပါတော့တယ်။

ဖအေလည်း ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ချလိုက်ပြီး စဉ်းစားကြည့်တဲ့အခါ ပိုလို့တောင်ဒေါသဖြစ်လာတယ်။ သည်လက်တောက်လောက် ရှိတဲ့ ငါးနှစ်သားလေးက တော်တော်လှုပ်ခါးဝတဲ့သဏ္ဍာန်လေးပေပဲလို့လည်း တွေးမိတယ်။ ဘာလဲ၊ တစ်နာရီကို ပိုက်ဆံဘယ်လောက်ရလဲဆိုတဲ့မေးခွန်း ကို ငါးနှစ်သားက ဖအေကိုမေးပြီးမှ ပိုက်ဆံတောင်းစရာလား။ တွေးလေ၊



အမှားစရာကောင်းလေ။

တစ်နာရီသာသာလောက် ကြာတဲ့အခါမှာတော့ ဖအေလုပ်တဲ့သူ စိတ်နည်းနည်းငြိမ်သွားတယ်။ အမောလည်း ပြေသွားပြီ။

သည်အခါမှာတော့ သားလေးအပေါ် သိပ်တင်းမာလွန်းရာကျသွားပြီလား၊ လွန်များသွားလားလို့ တွေးမိလာရပြန်တယ်။

သည်ကောင်လေးက အင်မတန်ပိုက်ဆံတောင်းခဲတဲ့ ကလေး။ တစ်ခါမှ လည်း ဖအေဆီက ပိုက်ဆံမတောင်းဖူးပါဘူး။ အခုမှ ကိုးဒေါ်လာလောက် ခေတ္တချေးပါလို့ပြောတာ။ သူ့မှာ တကယ်လိုချင်တာလေးတစ်ခုခု ရှိနေလို့များ လားမှ မသိ။

အဲဒီအတွေးနဲ့ သားငယ်ရဲ့အိပ်ခန်းကို ဖအေက လိုက်သွားတယ်။ အခန်းထဲ ရောက်တဲ့အခါ ‘သားသားအိပ်ပြီလားကွ’ လို့လည်း မေးလိုက်တယ်။

‘မအိပ်သေးပါဘူး ဖေဖေ၊ သား နိုးနေပါတယ်’ လို့ ကလေးက ပြန်ဖြေတယ်။

‘အေးကွာ… စောစောက ဖေဖေ သားကို နည်းနည်းစိတ်တိုမိသွားတယ်။ တစ်နေ့လုံး အလုပ်ပင်ပန်းတာတွေ၊ မောတာတွေကို သားအပေါ်မှာ အထုပ်ဖြည်လိုက်မိသလိုဖြစ်သွားတယ် သားရယ်။ ရော… ရော၊ သည်မှာ မင်းလိုချင်တဲ့ ကိုးဒေါ်လာ’

သားလုပ်တဲ့သူက ပေါက်ကနဲ ထထိုင်လိုက်သလို သူ့မျက်နှာလေးက လည်း ချက်ချင်း ဝင်းပသွားပါတော့တယ်။

ပြီးတော့ သူ့ခေါင်းအုံးအောက်ကို လက်နှိုက်လိုက်ပြန်တယ်။ သားရဲ့ ခေါင်းအုံးအောက်က ထွက်လာတာကတော့ တွန့်ကြေနေတဲ့ ငွေစက္ကူတွေပါ။

သားဆီမှာ ပိုက်ဆံတွေလည်း တွေ့လိုက်ရော ဖအေ့ဒေါသတွေလည်း အလိုလို ပြန်ထွက်လာတယ်။ ဘာကောင်လဲ၊ သူ့မှာ ပိုက်ဆံတွေ ရှိရက် သားနဲ့ ဘာလို့ ကိုးဒေါ်လာ ထပ်တောင်းတာလဲလို့ တွေးနေတုန်းမှာ သားလေးက ပိုက်ဆံလေးတွေကို ရေနေတယ်။ ရေတွက်ပြီးတဲ့အခါ သားက ဖအေကို မော့ကြည့်တယ်။

‘မင်းမှာ ပိုက်ဆံရှိရဲ့သားနဲ့ ဘာလို့ ထပ်တောင်းရတာတုံးကွ…’

ဖအေလုပ်သူက သားကို ငေါက်ခိုရပြန်တယ်။

‘သားမှာရှိတာနဲ့ မလောက်လို့ ထပ်တောင်းတာပါ ဖေဖေ၊ အခုတော့ ပြည့်ပါပြီ။ ယောဒီမှာ ဒေါ်လာ၂၀ပါ ဖေဖေ။ ဖေဖေ့ အချိန်ထဲက တစ်နာရီ လောက် သားကို ရောင်းပါလားဟင်…’

စာဖတ်သူ လူကြီးမင်းများ ခင်ဗျား…

ပုံပြင်လေးကတော့ ဒါပါပဲ။

သည်ပုံပြင်လေးကို ကိုယ်နဲ့ခင်တဲ့သူ တစ်ဦးဦးကို ထပ်ဆင့် ပြောပြလိုက်ပါ။ ပြီးရင် လူကြီးမင်းရဲ့ဒေါ်လာ၂၀တန် အချိန်လေးကိုလည်း ကိုယ်ချစ်တဲ့သူကို အလကား ပေးလိုက်ပါလားဗျာ။

အလင်းတန်းဂျာနယ်၊ ၂၂-၀၅-၀၀